
ပါဝင်သော


ပွင့်လင်းရာသီ ရောက်ခဲ့ပြီ.. လက်လုပ်လက်စားများနှင့် ဈေးသည်အပေါင်း အရောင်းအဝယ်များကောင်း၍.. အလုပ်အကိုင်များ ဖြောင့်ဖြူးကြတော့မည်.. အမေနှင့်အစ်မ ဆိုင်ခင်းနေကြစဉ်မှာပင် ဘာမှ ကူမလုပ်နိုင်တော့ဘဲ ဒီနေ့ ဆွမ်းသိမ်းအောင်ပွဲအတွက်.. အလှူခံမဏ္ဍပ် စဖွင့်မည်ဖြစ်၍.. ခုနစ်လမ်းထိပ်ရှိ ဓမ္မာရုံသို့ တာရာပွကြီး ခပ်သွက်သွက်လျှောက်လာခဲ့သည်...
ဓမ္မာရုံ ရှေ့မဏ္ဍပ်သို့ ပွကြီး အရောက်.. ခုနစ်လမ်းထဲမှ.. ထွက်လာသော နေထက် ပွပြင်း ကို လှမ်းတွေ့နေရသည်...


မဏ္ဍပ်ထဲမှ.. ဘုရားစင်ရှေ့တွင် ညက စောင့်အိပ်သော.. ဖိုးလုံး ပင် ပုဆိုးခြုံ၍ကွေး နေဆဲ..
ပွဲကြီး စားပွဲချ ခုံခင်းရင်း.. ပြင်ဆင်နေခိုက် ပုပြင်းက... အင်ပလီဖိုင်ယာကို ဆော်နှင့် ဆောင်းဘောက်စ်များ တွင်.. တပ်ဆင်ကာ စမ်းသပ်လိုက်သည်..
တိုးတိုး သက်သာလုပ်ပါ ကွာ.. ကျိုးကန်းတွေ တောင်.. အခုမှ မျက်နှာသစ်တုန်း ရှိသေးတာ..
အေးပါဟ ဒီမှာ လက်တွေ တုန်နေလို့..
မင်း ဒီအတိုင်း သာ.. ဆက်သောက်သွား ရင်.. အသေစောပြီး ရွာတကောရောက်လိမ့် မယ်.. ပုပြင်း ကြည့်လုပ်..


အေးပါကွာ.. ဘာအခွေဖွင့်ရမှာလဲ.. မီမာဟိန်းလား...
မင်းဘိုးအေကြီး မီမာဟိန်းပါလား.. မန္တလေးသိန်းဇော် ဖြစ်ဖြစ်.. ငါးမျိုးသမ္မုဒ္ဒေ ဖြစ်ဖြစ် ဖွင့်..
ဟဲ...ဟဲ... မီမာဟိန်းကို ပါကြိုက်လို့ကွ...
စောစောစီးစီး တော့... မင်္ဂလာ ကျက်သရေရှိတဲ့ အခွေလေး... ဖွင့်လိုက်ပါဦးကွာ..
ခဏအကြာတွင် မော့ရဲ့ ခေါင်းမိုးပေါ်ရှိ.. လော်မှ .. မန္တလေးသိန်းဇော်အသံထွက်လာသည်..


ပွဲကြီး နာရီကိုကြည့်လိုက်သည် ခြောက်နာရီခွဲအထိ..
ပုပ္ပြင်း သီချင်းပိတ်လိုက်တော့..
ဪ...
ဖူး ဖူး
ပွဲကြီး... မိုက်ကို လက်နှင်.. တောက်ကြည့် ရင်း.. အကျိုးဆောင် အလုပ်ကို စတင်လိုက် သည်..
အဟမ်း.. နမောတဿ.. ဘဂဝတော.. အရဟတော.. သမ္မာသမ္ဗုဒ္ဓဿ..


အဟမ်း.. ကျက်သရေ မင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံသော နံနက်ချိန်ခါမှာဖြင့်.. ကျွန်တော်များ.. (၂)ရပ်ကွက် ဗုဒ္ဓပူဇနီယပ.. ဝေယျာဝစ္စ ဓမ္မာရုံကြီးရဲ့ နှစ်စဉ် ကျင်းပမြဲ ဖြစ်တဲ့.. ဆွမ်းသိမ်းအောင်ပွဲနဲ့...
မြတ်စွာဘုရား သခင် ကိုယ်တော်မြတ်ကြီး ဓေသစာရှိ ကြွချီပွဲ ကျင်းပနိုင်ရန်အတွက်.. အလှူခံဌာနကို.. စတင် ဖွင့်လှစ်လိုက်ပြီ ဖြစ်ကြောင်း ကြေညာလိုက်ရပါတယ် ခင်ဗျား..
ဟုတ်ကဲ့ သုမာလာစု(၂) လမ်းက... ကျွန်တော့် အမေပါပဲ.. များမြတ်တဲ့ စေတနာ ဝေဖြာပြီး သဒ္ဓါ မြတ်စွာနဲ့.. နှစ်ရာကျပ် ပါဝင်လှူဒါန်းသွားပါတယ် ခင်ဗျား...
သာဓု... သာဓု.. သာဓု.. ကျွန်တော့် အမေကြီးလည်း.. ပန်းပဏာ လန်းဖြာပြီး.. ကျန်းမာပါစေ..
6




ပွဲကြီး အလှူရှင်အား ဆုမွန်ချွေ
ပေးပြီး အာခြောက်သွားသဖြင့်
ရေနွေးတစ်ခွက် ငှဲ့သောက်လိုက်
သည်..






ဟုတ်ကဲ့.. သာသနာ့တာဝန်... တို့ တာဝန်.. သာသနာ့ကိစ္စ တို့ကိစ္စ သာသနာ့ အလုပ် တို့အလုပ်လို့.. ခံယူထားကြတဲ့ ဗုဒ္ဓဘာသာဝင် သူတော်စင်များ ဆိုတော့.. အလှူခံအသံကြား တာနဲ့ မနေနိုင်ကြပါဘူး...
သဒ္ဓါ တက်အား သရွေ့ ထည့်ဝင်လှူဒါန်း သွားကြတာပါပဲ ခင်ဗျာ ဒါကြောင့်မို့.. သာဓု.. သာဓု.. သာဓုရယ်လို့... ကောင်းချီး ပြုတာပြုပြီးသကာလ.. စိတ် သွားတိုင်း ကိုယ်ပါ၍.. လိုရာ ဆန္ဒများ ပြည့်မြောက် ကြပါစေ..
ရောင်းသူတစ်ယောက် ဝယ်သူ တစ်ယောက်နှင့် တွေ့ပြီး... စီးပွားဥစ္စာ ဒီရေအလား တိုးပွားကြပါစေ.. နိဗ္ဗာန်သွား မယ့်.. ကူးတို့ လက်မှတ်များ လည်း... ရရှိနိုင်ကြပါစေ.. လို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်..


နာရီဝက်ခန့် အော်ဟစ် အလှူခံ ဆုတောင်းပေးပြီးနောက်.. ခဏ နားပြီး မန္တလေးသိန်းဇော် ကို တစ်လှည့်... အော်ခိုင်းရပြန်သည်..
ခဏနားသည့်အခိုက် သိန်းရွှေကြည် ရောက်လာ၍ အားရှိသွားရသည်.. သိန်းရွှေကြည် က အပေါကောင်း အပြောကောင်းနှင့်.. ဝိရင့် အကျိုးတော် ဆောင် တစ်ယောက်ဖြစ်၍... ပွဲကြီး က.. ဆရာတင်ထားသူ ဖြစ်သည်..
သိန်းရွှေကြည် မိုက်ကိုင်တော့ မလား..
နေဦး.. နေဦး.. ပါအသံတွေဝင် နေလို့ မင်းပဲ ဆက်ကိုင်...


ထိုစဉ် စားပွဲရှေ့သို့ ဒေါ်ခင်ကြီးအေး ရောက်လာသည်... ..
အသီးခြား ငွေပေးသောပင်.. သုံးထောင်တန် ဖြတ်ပိုင်းလေး ဖြတ်ပေးပါကွယ်..
ဟုတ်ကဲ့ အန်တီ... ဖြတ်ပိုင်းမှာဘယ်လို ရေးပေးရမလဲ..
ကွယ်လွန်သူ ဒေါ်စိန်တုတ်အား ရည်စူး၍.. ကျန်ရစ်သူ မိသားစုကောင်းမှုလို့ ရေး....
ဟုတ်ကဲ့ ခင်ဗျာ...
အဟမ်း.. ကွယ်လွန်သူ ဒေါ်စိန်တုတ်အား ရည်စူး၍.. ကျန်ရစ်သူ မိသားစုမှယယ အလှူငွေ သုံးထောင်ကျပ်ကို.. ပေးလှူရှသော ကုသိုလ် အဖို့ဘာဂတို့အား ဒေါ်စိန်တုတ်ကိုယ်တိုင် ကြားသိနိုင်ပါစေ.....
နတ်ကောင်း နတ်မြတ်အပေါင်းက လည်း.. တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ကြားသိ နိုင်ရန်... ပြောကြားပေးပါ.. သာဓု သာဓု သာဓု ပါ ခင်ဗျာ..


ပွဲကြီး၏
ဆုတောင်းပုံကို
ဒေါ်ခင်ဗိုးအေး
ကျေနပ်စွာဖြင့်...
ဖြတ်ပိုင်းယူကာ
ထွက်သွားသည်..
ထိုစဉ် ပွဲကြီး ၏ အိမ်နီးချင်း.ကိုစိုးအောင် ဆိုက်ကားဖြင့် ရောက်လာပြီး... စားပွဲရှေ့ တည့်တည့် လာရပ်သဖြင့်...
ကိုစိုးအောင် လှူမယ် တန်းမယ် သာသနာတွေပြု မယ်ပေါ့..
ဟော့ကောင် ဘာနော မင်းမလည်း တွေ့သမျှလူ အလှူခံဖို့ပဲ.. စဉ်းစားနေတာကိုး အိမ်ကို အမြန်ပြန်.. မင်းအမေ မူးလဲ လို့... ငါဆရာဝန်ပင့်ဖို့ ထွက်လာတာ..
ဗျာ...


ကိုစိုးအောင် ထွက်သွားတော့
ပွဲကြီး ထိုင်ရာမှ မထသေးဘဲ..
အူကြောင်ကြောင် ဖြစ်နေသည်..
သိန်းဇော်ကြည် နှင့် ပုပြင်းက.. ပခုံးကို
ပုတ်ပြီး မိုက်ကို ဆွဲယူလိုက်မှ..
သတိ ပြန်ဝင်သွားသည်..
မမျှာနဲ့ မြန်မြန်ပြန် တော့..
ဟေ့ကောင် မြန်မြန်ပြန်တော့ လေ.. မင်းအမေ နားမှာပဲ နေ.. ကြားလား..
ပွဲကြီး ပြောကာ ကမန်းကတန်း ထွက်ပြေးသွား
တော့၏.. ..
အေး... အေးပါ သိန်းဇော်ကြည် ရ...



အိမ်ပြန်ရောက်တော့ အမေ သတိရနေသော်လည်း.. မထနိုင်အောင် မူးနေ၍.. အိပ်ရာထဲ လှဲနေတာ တွေ့ရသည်..
အမေ နေသာရဲ့ လား..
အမေက လက်ကို အားယူ ကာ.. မြှောက်ပြသည်..
ဘာမှ မမေးနဲ့မောင်လေး ဖြေရတာပိုပင်ပန်း တယ်.. ကိုစိုးအောင် နဲ့ တွေ့ခဲ့သလား...
ဟုတ်ကဲ့ သူ့ဆရာဝန်ပင့်ပြီး ပြန်လာမယ်ပြော တယ်.. အစ်မ..


ကိုစိုးအောင် ဆရာဝန်နှင့်အတူ ရောက်လာမှပင် ဟင်းချနိုင်ကြသည်...
အင်း အခုတော့ နေသာအောင်ဆေး ထိုးပေးခဲ့မယ်.. ဆေးခန်း ဆက်ပြီး လိုအပ်တာ လုပ်ရမယ်.. အစ်မကြီး..
အမေက ခေါင်းညိတ်ပြသည်.. ..
အမေ ဘာဖြစ်တာလဲ ဆရာ..
သွေးတိုးတယ် နှလုံးမကောင်းဘူး အထရာဆောင်းရိုက်ပြီး... အထူးကုဆေးခန်း ပြပါ..
ဟုတ်ကဲ့ ဆရာ..
ကဲ.. အမေ ခဏနေ.. စားသောက်ပြီးရင် ဆေးခန်းသွားရအောင်.. မောင်လေး.. ဆေးခန်းကိစ္စနဲ့ ပို့ဖို့ကို မင်းပဲ တာဝန်ယူရမှာနော်..
ဟုတ်ကဲ့ အစ်မ..


ပွကြီး ဆေးခန်း ဖုန်းနံပါတ်ယူကာ ထွက်လာခဲ့သည်.. အိမ်တွင်.. ယောကျာ်းသားဆို၍ ပွကြီး .. တစ်ယောက်သာရှိသည်.. ပွကြီး ဆယ်တန်းအောင်သည့်နှစ်တွင် အဖေ ဆုံးသည်..
စီးပွားရေးအဖြစ် အဖေ့လက်ငုတ်လက်ရင်းဖြစ်သော ဖျာနှင့်စောင်တို့ကို (၂) ရပ်ကွက်မှာပင်.. အမေနှင့်အစ်မက ဆိုင်ဖွင့်ကာ ဖြန့်ဖြူးသော အလုပ်ကို လုပ်၍..
ဆွေရိုး မျိုးရိုးမကောင်းသူ.. အဒေါ်ကြီးနှင့်... မသီတာ က ဖျာနှင့်စောင်ကိစ္စ တာဝန်ကို ယူသည်..
အမေနှင့် အစ်မက အိမ်ရှိ ကုန်စုံဆိုင်ကို တာဝန် ယူရသည်..

ပွကြီး ကို တစ်ဦးတည်းသော ယောက်ျားလေးမို့ အလိုလိုက်ထားကြပြီး အချိန်ရရင် ရသလို..P2 Game ဆော့သည့် Internet ဆိုင်ထိုင်သည်..




အလှူခံမဏ္ဍပ်များတွင် ဟောပြော မလှူခံ သလို ဆွမ်းလောင်းအသင်းများတွင် ဆွမ်းချက်သည်.. သံဃာများနှင့် ဆွမ်းခံလိုက်သည်..



ထို့ကြောင့် အရပ်ထဲမှ သူငယ်ချင်းများနှင့် အကြောင်းသိများက ပွကြီး ကို ဘွဲ့ကျော်ဟုသာ ခေါ်ကြသည်..



# Google မှာဆုံရို့ကွယ်




ဂန်းမသား နေကောင်းလားဟု နှုတ်ဆက်လိုက်သည်.. ..
မင်းအစ်မ အပြုအစုကောင်းလို့ ခပ်ထောင်ထောင်ပဲ လန်းသလား မမေးနဲ့..
နှုတ်အဆက် ကောင်းလို့ အစ်မ ပေးလိုက်ရသဖြင့် မသိချင်ယောင်ဆောင် ပြီး.. စကားလမ်းလွှဲ လိုက်သည်..
မင်းတို့ အလုပ် မဝင်ကြ သေးဘူးလား
ဝါနဲ့ ဇော်ရိုပိုင်က ကျွမ်းကိုနဲ့ Custom မှာ အလုပ်လျှောက်ထား တယ်.. မင်းကော..
ငါကတော့ ထုံးစံအတိုင်း.. အမေနဲ့ အစ်မ လုပ်စာထိုင် စားရင်း ဘွန်နှောလုပ်နေ တုန်းပဲ..


မင်းကုသိုလ်ကံ တော်တော်ကောင်း တယ်နော် အဲဒါကြောင့် မင်းအစ်မကို ကြာလေ သနားလေ ဖြစ်နေမိ တာ.. ယောက်ဖရဲ့..
မျှော်လင့် မနေနဲ့ ငါ့အစ်မ ဒီ ဝါကျွတ်မှာလင်ယူ တော့မှာ.. တာ့တာ ပဲ..
မင်းတို့ အားရင် ဆုံရအောင် တစ်ရက်လောက် တွေ့ချင်တယ်..
ချိန်းပြီး Date လုပ်လိုက် လေ...
အေး... ဒါဆို မင်း ခဏနားလိုက် ဦး... နောက် ငါးမိနစ် နေမှ ပြန်ဆုံ မယ်..


နောက်ပြီး account ကို တင်လိုက်သည်..
ဟော့ကောင် တို့သုံးကောင် ဆုံရအောင်.. ဘယ်နေ့လဲ..
ဘာကိစ္စလဲ..
မတွေ့တာ ကြာလို့ပေါ့ကွ ဘီယာသောက် ကာရာအိုကေ.. ဟဲမယ်..
မင်းဒကာ ခံမှာလား..
အီကွဲတူ ရှယ်ယာလေ...
ပိုက်ဆံ မရှိဘူး..
တစ်ယောက် တစ်သောင်းလောက် ဆို.. ဖြစ်ပါတယ်..
အခုတောင်.. အင်တာနက်သုံးခ ရှင်းပြီးရင်... လမ်းလျှောက် ပြန်ရမှာ.. စေတနာရှိရင် ပိုက်ဆံ ဖောဖောသီသီ ထည့်ပြီး ပို့ကိုလာ ခေါ်..